# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ကချင်ပြည်နယ်၏ နောက်ထပ်
## ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

ကချင်ပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၉ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။ )

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

**အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်**

**စီမံခန့်ခွဲခြင်း**

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)နှင့်(၄)တို့တွင် ခွင့်ပြုထားသော သုံးငွေများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ

ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။



ဒေါက်တာခက်အောင်

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁၄၆.၁၉၅ | | | ၃၇၆၀.၉၅၁ | | | | | ၄၉၀၇.၁၄၆ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၉၉.၇၅၇ | | | | | ၉၉.၇၅၇ |
| | | ပေါင်း | | ၁၁၄၆.၁၉၅ | | | ၃၈၆၀.၇၀၈ | | | | | ၅၀၀၆.၉၀၃ |

## ပြည်နယ်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၀၆. ၁၇၁ | | | ၁၅၃၄. ၆၀၆ | | | | | ၂၃၄၀. ၇၇၇ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၆၄၄. ၃၇၂ | | | ၈၇၅. ၉၃၇ | | | | | ၁၅၂၀. ၃၀၉ |
| | | ၃။ မီးသတ်ဦးစီးဌာန | | ၁၆၁. ၇၉၉ | | | ၆၅၈. ၆၆၉ | | | | | ၈၂၀. ၄၆၈ |
| ၂ | ၂ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၄င်း | ၁၄. ၂၂၆ | | | | | | | | ၁၄. ၂၂၆ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | | ၁၂. ၉၃၆ | | | | | | | | ၁၂. ၉၃၆ |
| | | ၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁. ၂၉၀ | | | | | | | | ၁. ၂၉၀ |
| ၃ | ၆ | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၄င်း | | | | ၇၀. ၀၀၀ | | | | | ၇၀. ၀၀၀ |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | | ၇၀. ၀၀၀ | | | | | ၇၀. ၀၀၀ |
| ၄ | ၇ | **ဆောက်လုပ်ရေး** | ၄င်း | ၆. ၄၀၇ | | | ၃၄၆၆. ၇၄၇ | | | | | ၃၄၇၃. ၁၅၄ |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၆. ၄၀၇ | | | ၈၈. ၀၀၀ | | | | | ၉၄. ၄၀၇ |
| | | ၂။ လမ်းဦးစီးဌာန | | | | | ၃၃၇၈. ၇၄၇ | | | | | ၃၃၇၈. ၇၄၇ |
| | | ပေါင်း | | ၈၂၆. ၈၀၄ | | | ၅၀၇၁. ၃၅၃ | | | | | ၅၈၉၈. ၁၅၇ |

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကုပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၂၄၃၄·၄၄၃ | | | | | ၂၄၃၄·၄၄၃ |
| | | ၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၂၄၃၄·၄၄၃ | | | | | ၂၄၃၄·၄၄၃ |
| | | ပေါင်း | | | | | ၂၄၃၄·၄၄၃ | | | | | ၂၄၃၄·၄၄၃ |

စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈–၂၀၁၉ခု ဘဏ္ဍာရေးနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | **စည်ပင်သာယာရေးအဖွဲ့များ** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၄၂.၃၀၅ | | | ၁၇၀၆.၂၁၅ | | | | | ၂၀၄၈.၅၂၀ |
| | | ပေါင်း | | ၃၄၂.၃၀၅ | | | ၁၇၀၆.၂၁၅ | | | | | ၂၀၄၈.၅၂၀ |